**မကွေးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် – ၆ ။)**

**၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်**

**(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)**

နိဒါန်း

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **မကွေးတိုင်းဒေသကြီး မြေယာခွန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် မကွေးတိုင်းဒေသကြီး တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးချုပ်** ဆိုသည်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည့် ဝန်ကြီးကို ဆိုသည်။

(င) **မြေယာခွန်** ဆိုသည်မှာ ဤဥပဒေအရ လယ်ယာမြေပေါ်တွင် စည်းကြပ်ကောက်ခံသော အခွန်ကို ဆိုသည်။

(စ) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့်မြေဟု သော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်များ၊ ဘာသာရေး အဆောက်အအုံနှင့်ပရဝုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများ မပါဝင်။

(ဆ) **ကျေးရွာအုပ်စု** ဆိုသည်မှာ ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများကိုစုစည်း၍ဖြစ်စေ ကျေးရွာ အုပ်စုအဖြစ် နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(ဇ) **ရပ်ကွက်** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် နယ်နိမိတ်သတ်မှတ် ဖွဲ့စည်းသည့် ဒေသကို ဆိုသည်။

Myanmar Law Information System (MLIS)

(ဈ) **ကျေးရွာ** ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်နိမိတ်အတွင်း ပါဝင်ခြင်းမရှိသည့်နယ်မြေတွင် ကျေးရွာအဖြစ် နယ်နိမိတ်သတ်မှတ် ဖွဲ့စည်းသည့် ဒေသကို ဆိုသည်။

(ည) **မြေယာခွန်အရာရှိ** ဆိုသည်မှာ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့ကို ဆိုသည်။

(ဋ) **မြေခွန်မပြေကျန်ငွေ** ဆိုသည်မှာ ဤဥပဒေအရ ထမ်းဆောင်ရမည့် မြေယာခွန်များကို သတ်မှတ်ကာလအတွင်း အပြေအကျေထမ်းဆောင်ခြင်းမရှိသော မြေယာခွန်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးမှ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ အပြည့်အဝရရှိစေရန်၊

(ခ) ကောက်ခံရရှိသော အခွန်ငွေများဖြင့် လယ်ယာကဏ္ဍအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိရောက်စွာဆောင်ရွက်နိုင်စေရန်၊

(ဂ) တိုင်းဒေသကြီး၏ စိုက်ပျိုးရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အပံ့ ဖြစ်စေရန်။

## အခန်း (၃)

## မြေယာခွန်စည်းကြပ်ခြင်း

၄။ လယ်ယာမြေများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ နှစ်စဉ်မြေယာခွန်စည်းကြပ်ရမည်။ သို့ရာတွင် ဝန်ကြီးချုပ်က ဤဥပဒေပုဒ်မ ၈ အရ ကင်းလွတ်ခွင့်ပြုသော လယ်ယာမြေများနှင့် မသက်ဆိုင်စေရ။

၅။ နှစ်စဉ်မြေယာခွန်စည်းကြပ်ရာတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည်-

(က) ကွင်း၊ ဦးပိုင်၊ ဧရိယာ၊ မြေမျိုးနှင့် မြေမျိုးအတန်းအစားတို့ကို မြေစာရင်းမှတ်ပုံတင်စာရင်းနှင့် ကွင်းဆင်းတိုက်ဆိုင်စိစစ်ရမည်။

(ခ) စိစစ်ချက်များအရ ကျသင့်သည့် မြေယာခွန်ကို ၁၈၈၉ ပြည့်နှစ်၊ ခရိုင် ခိုင်ကြေးအက်ဥပဒေပုဒ်မ ၄ နှင့်အညီ ကျသင့်သည့်မြေယာခွန်၏ ၁၀ ရာခိုင်နှုန်းကိုပါ ထည့်သွင်းတွက်ချက်၍ ပြေစာရေးသားရမည်။

(ဂ) ပြည့်စုံစွာရေးသွင်းပြီးသော ပြေစာများကို မြို့နယ်မြေယာခွန်အရာရှိမှတစ်ဆင့် ခရိုင်မြေယာခွန် အရာရှိထံ သတ်မှတ်ကာလအတွင်း ပေးပို့ရမည်။

၆။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသည် လယ်ယာမြေပေါ်တွင် ဤဥပဒေ နောက်ဆက်တွဲဇယားပါ မြေယာခွန်နှုန်းထားထက်မပိုစေဘဲ လက်ရှိမြေမျိုးနှင့် မြေမျိုးအတန်းအစား အလိုက်သော်လည်းကောင်း၊ အထူးသီးနှံအလိုက်သော်လည်းကောင်း မြေယာခွန်စည်းကြပ်ရမည်။

၇။ လယ်ယာမြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်သူသည် ပုဒ်မ ၅ နှင့် ၆ အရ စည်းကြပ်သော မြေယာခွန်ကို ထမ်းဆောင်ရမည်။

## အခန်း (၄)

Myanmar Law Information System (MLIS)

## မြေယာခွန် ကင်းလွတ်ခွင့်ပြုခြင်း

၈။ ဝန်ကြီးချုပ်သည် ဤဥပဒေအရ ပြဋ္ဌာန်းသော နည်းဥပဒေများနှင့်အညီ မြေယာခွန် ကင်းလွတ်ခွင့်ပြု နိုင်သည်။

၉။ ဝန်ကြီးချုပ်သည် ကင်းလွတ်ခွင့်ပြုသော မြေယာခွန်များကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွက် အခွန်ရငွေစာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း (၅)

## မြေယာခွန် ကောက်ခံခြင်း

၁၀။ မြေယာခွန်အရာရှိသည် မြေယာခွန်ကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ ကောက်ခံရမည်။

၁၁။ ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးအပ်သော မြေယာခွန်အရာရှိသည် မှားယွင်း စည်းကြပ်သည့် အခွန်များကို အခွန်ငွေစာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း (၆)

## မြေခွန်မပြေကျန်ငွေကို အမှုတွဲဖွင့်၍ ကောက်ခံခြင်း

၁၂။ (က) ဝန်ကြီးချုပ်သည် မြေခွန်မပြေကျန်ငွေကောက်ခံရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူးကို အရာထူးအလျောက် ကော်လိတ္တော်အရာရှိအဖြစ် ခန့်အပ်ရမည်။

(ခ) ကော်လိတ္တော်အရာရှိသည် မြေယာခွန်အပြေအကျေထမ်းဆောင်ရန် ပျက်ကွက်သူအား အခွန်တော် အရ ကောက်ခံမှု အမှုတွဲဖွင့်၍ ကောက်ခံရမည်။

## အခန်း (၇)

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ဤဥပဒေအရ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မြို့နယ်မြေယာခွန်အရာရှိအားလည်းကောင်း၊ မြို့နယ်မြေယာခွန် အရာရှိသည် ခရိုင်မြေယာခွန်အရာရှိအားလည်းကောင်း၊ ခရိုင်မြေယာခွန်အရာရှိသည် တိုင်းဒေသကြီး မြေယာခွန်အရာရှိအားလည်းကောင်း၊ တိုင်းဒေသကြီးမြေယာခွန်အရာရှိသည် ဝန်ကြီးနှင့် ဝန်ကြီးချုပ် အားလည်းကောင်း တာဝန်ခံရမည်။

၁၄။ မြို့နယ်မြေယာခွန်အရာရှိသည် မြေယာခွန်ကောက်ခံရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို တရားဝင်စာဖြင့် တာဝန်ပေးအပ်ရမည်။

၁၅။ ခရိုင်မြေယာခွန်အရာရှိသည် မြို့နယ်မြေယာခွန်အရာရှိနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဆောင်ရွက်သည့် မပြီးပြတ်သေးသော မြေယာခွန်အမှုတွဲနှင့်စပ်လျဉ်း၍ မိမိစီရင်ပိုင်ခွင့်အာဏာအတွင်းဖြစ်လျှင် အဆိုပါ အမှုတွဲကိုရယူပြီး မိမိကိုယ်တိုင် အပြီးအပြတ်ဆောင်ရွက် နိုင်သည် သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်မြေယာခွန်အရာရှိအား အပြီးအပြတ် ဆောင်ရွက်စေနိုင်သည်။

Myanmar Law Information System (MLIS)

၁၆။ ဝန်ကြီးချုပ်သည် လိုအပ်ပါက မြေယာခွန်အရာရှိက ဆောင်ရွက်သည့် မပြီးပြတ်သေးသော မြေယာခွန်အမှုတွဲနှင့်စပ်လျဉ်း၍ အဆိုပါ အမှုတွဲကိုရယူပြီး မိမိကိုယ်တိုင် အပြီးအပြတ်ဆောင်ရွက်နိုင်သည် သို့မဟုတ် ဝန်ကြီးနှင့် အဆင့်ဆင့်သော မြေယာခွန်အရာရှိများအား အပြီးအပြတ် ဆောင်ရွက်စေနိုင်သည်။

၁၇။ ဝန်ကြီးချုပ်သည် မြေယာခွန်အရာရှိ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မြေယာခွန်နှင့်စပ်လျဉ်းသော မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ ကျော်လွန်ကျင့်သုံးဆောင်ရွက်ခြင်းပြုလျှင်သော်လည်းကောင်း၊ အလွဲသုံးစားပြုလျှင် သော်လည်းကောင်း စုံစမ်းစစ်ဆေးရန် အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ အပြစ်ရှိကြောင်းစစ်ဆေး တွေ့ရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်၍ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရုပ်သိမ်းပြီး အဆိုပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မည်သည့်မြေယာခွန်အရာရှိက ကျင့်သုံးဆောင်ရွက်ရမည်ကို သတ်မှတ်နိုင် သည်။

၁၈။ မြေယာခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ကောက်ခံရရှိပြီးသော မြေယာခွန်ကို ဆုံးရှုံးမှုမရှိစေရန်နှင့် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးသွင်းရန် တာဝန်ရှိသည်။

**အခန်း(၈)**

**အယူခံခြင်း၊ ပြန်လည်စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်း**

၁၉။ ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ချမှတ်ထားသောအမိန့်များကို အယူခံခြင်း၊ ပြည်လည်စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းကိစ္စရပ်များအတွက် ဤဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများ နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၂၀။ ကောက်ခံရရှိသည့်မြေယာခွန်ကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ သုံးစွဲရမည်။

၂၁။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်အညီဖြစ်စေ ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်အညီဖြစ်စေ သက်ဆိုင်ရာ မြေယာခွန်အရာရှိများက စီရင်ဆုံးဖြတ်ပိုင် ခွင့်ရှိသည့် ကိစ္စများကို မည်သည့်တရားရုံးတွင်မျှ စီရင်ခွင့်အာဏာမရှိစေရ။

၂၂။ ဤဥပဒေနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်သည့်ကိစ္စတစ်ခုခုအတွက် မည်သူ့ကိုမျှ တရားမ ကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမပြုရ။

၂၃။ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များနှင့် လွှဲအပ်ခြင်းခံရသော ပုဂ္ဂိုလ်များသည် တရားမကျင့်ထုံးဥပဒေအရ တရားမတရားရုံးများက စစ်ဆေးစီရင်ရာတွင် ကျင့်သုံးခွင့်ရသည့် အာဏာများကို ရရှိစေရမည်။

Myanmar Law Information System (MLIS)

၂၄။ အခွန်အရပ်ရပ် စည်းကြပ်ကောက်ခံခြင်းအတွက် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သမျှကျင့်သုံးနိုင်သည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးမြေယာခွန်အရာရှိသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ဒေါက်တာအောင်မိုးညို

ဝန်ကြီးချုပ်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

Myanmar Law Information System (MLIS)